# ကျနော်မရေးနိုင်ခဲ့တဲ့ ကိစ္စတရပ်

ဖိုးသံ (လူထု)

ဒီကိစ္စကိုကျနော်အခုတော့ ရေးလို့ရပါပြီ။

၁၉၇၈ခုနှစ်မှာ ကျနော့်အဖေ၊ အမေနဲ့ညီ၊ သုံးယောက်စလုံးအဖမ်းခံရတုန်းက အဖေနဲ့ဘိုညိုကိုအရင်လွှတ်ပြီး အမေ့ကိုနောက်ဆုံးမှ အချိန်အတော်ကြာချန်ပြီးလွှတ်တယ်။ အဲဒါဘာလို့လဲလို့ကျနော့်ကိုမေးတာ မကြာခဏ ကြုံရပါတယ်။ ဆွေရင်းမိတ်ရင်းတွေထဲက မေးကြတာတောင်ရှိပါတယ်။ ဒါပေမဲ့ကျနော့်မှာ ထောက်ထားစရာ တွေရှိနေလို့ ဘယ်သူ့ကိုမှပြောမပြခဲ့ပါဘူး။ ဤခုတော့အမေ ကွယ်လွန်သွားပြီမို့ ကျနော် ရေးနိုင်သွားပါပြီ။

၁၉၇၆ခုနှစ်၊ ဩဂုတ်လ ၃၀ရက်နေ၊ ကျနော့်ကိုလာဖမ်းတဲ့နေ့မှာပါ။ မှတ်မိသလောက်ဆိုရင် အဲဒါတနင်္ဂနွေ နေ့ကြီးပါ။ မန္တလေး ဗထူးအားကစားကွင်းမှာ မြို့မအသင်းနဲ့ရဲအသင်းတို့ကစားမယ့်နေ့ပါ။ ပွဲကလည်း ပွဲကောင်း ဖြစ်လို့တကြောင်း၊ ကိုယ်တိုင်ကလည်း မြို့မဘော့လုံးအသင်းသားဟောင်းဖြစ်ရုံမက မြို့မအသင်းကို ကမကထ ပြုသူ၊ ဦးစီးသူတွေအားလုံးဟာ ကျနော့်မိတ်ဆွေဟောင်းတွေဖြစ်နေလို့ကတကြောင်း ကျနော်ကအဲဒီဘော့ လုံးပွဲကို သွားကြည့်ဖို့ အားခဲထားပါတယ်။ သူများတွေနဲ့အဖော်တောင် ညှိထားပါသေးတယ်။

နေ့လည်၂နာရီ၊ ၃နာရီလာက်ထင်ပါရဲ့ ကျနော်အိမ်သာတက်နေတုန်းမှာ ကျနော်တို့အိမ်မှာကားမောင်းတဲ့ ကိုအေးက ကျနော့်ကိုအပြင်ကနေ တံခါးပုတ်ပြီးခေါ်ပါတယ်။ ကျနော်ထွက်လာတော့ “ခင်ဗျားကိုခင်ဗျား အမေကခေါ်နေတယ်၊ အောက်ကိုဆင်းလာခဲ့ပါတဲ့”လို့ဆိုတာနဲ့ ချက်ခြင်းသူ့နောက်ကလိုက်သွားပါတယ်။ အောက် ရောက်တော့ဧည့်ခန်းထဲမှာ အဖေရယ်–အမေရယ်၊ ရပ်ကွက်ထဲကလူကြီး ၃–၄ယောက်ရယ်၊ တခါမှမတွေ့ဖူးတဲ့ မျက်နှာထားတင်းတင်းနဲ့လူတချို့ရယ် ထိုင်နေကြတာကိုတွေ့ရပါတယ်။ အဖေနဲ့အမေကလည်း မျက်နှာမသာကြ ပါဘူး။ ဒါနဲ့ကျနော်လည်းအခြေအနေကိုချက်ခြင်းရိပ်မိလိုက်ပါတယ်။ ကျနော်ရောက်တော့ ကျနော့်အဖေက ကျနော့်ကို– “ငါ့သားအခန်းကိုနည်းနည်းရှာချင်လို့တဲ့”လို့ပြောပါတယ်။ အဖေပြောပြီးတာနဲ့ပဲ အဲဒီလူတွေ အားလုံး မတ်တပ်ထရပ်လိုက်ကြပါတယ်။ ကျနော်ကနောက်ပြန်လှည့်လိုက်တာနဲ့ အားလုံးအပေါ်တက်တဲ့ လှေကားဆီ ထွက်လာကြပါတယ်။ အိမ်သားတွေပါပေါင်းရင် ၁၀ယောက်လောက် လူအုပ်ကြီးပါ။ လှေကားပေါ်တက်ရင်း

တယောက်ကကျနော့်ကို “ပြီးရင်မေးချင်မြန်းချင် တာလေးတွေရှိလို့ကျနော်တို့နဲ့လိုက်ရအောင် အိပ်ရာလိပ်နဲ့ အဝတ်အစားလည်းပြင်ပါ”လို့ပြောပါတယ်။ ကျနော်နဲ့အမေကအတူတူ တက်လာတာမို့ အမေ့ကိုပြောတဲ့ သဘောလည်း ဆောင်နေပါတယ်။

အဲဒီနောက်တော့သူတို့ကျနော့်အခန်းထဲမှာ ရှာကြတော့တာပါပဲ။ နို့ပေမဲ့အလွန်ကြီး ရုပ်ပျက်ဆင်းပျက် ရှာတာမျိုးမဟုတ်ပါဘူး။ ကြည့်ရတာ တခုခုကိုအတိအကျသတင်းရထားလို့ ရှာတာဟုတ်ဟန်မတူပါဘူး။ ကျနော်နဲ့အမေက အခန်းအပြင်တံခါးဝနားမှာ ရပ်နေပါတယ်။ အဲဒီတုန်းကကျနော့်ညီဘိုညိုအိမ်မှာမရှိပါဘူး။ ခရီးသွားနေပါတယ်။ ကျနော့်အမနဲ့နှမတို့ရှိကြပါတယ်။ သူတို့လည်းပဲ ကျနော့်အနားမှာရှိကြပါတယ်။ ကျနော့် အဖေကတော့ အောက်ကဧည့်ခန်းထဲမှာ လာဖမ်းတဲ့ထောက်လှမ်းရေးဗိုလ်မှူးကို ဧည့်ခံစကားပြောနေခဲ့တယ်လို့ယူဆရပါတယ်။ ကျနော့်အပါးမှာရပ်နေတဲ့နောက်တယောက်ကတော့ လာဖမ်းတဲ့ထောက်လှမ်းရေးကလူပါ။ အသက် ၂၀နဲ့၃၀ကြားလောက်ရှိပါမယ်။ သူခါးကပုဆိုးထဲမှာ သေနတ်အတိုတလက်ကို ထိုးထားပါတယ်။ သူတို့လှန်လှောရှာနေတာ ကိုကြည့်ရင်းကျနော်က မင်မပျက်မောင်းမပျက် အမေ့နားကိုကပ်ပြီး “ကျနော်ပြေးမှဖြစ်မယ်” (I must flee)လို့ အင်္ဂလိပ်လိုပြောလိုက်ပါတယ်။ အနားကထောက်လှမ်းရေး ငနဲဟာ ဘာမှ ဂရုမထားတဲ့ဟန်နဲ့ ရှာဖွေနေတဲ့လူတွေဆီကိုပဲကြည့်နေပါတယ်။ ကျနော်တို့ ပြောတာကို သူနားမလည်တာ အမှန်ပါပဲ။ ဒီတော့အမေက “သူတို့မှာသေနတ်တွေပါတယ်”(They have guns)လို့ပြန်ပြောပါတယ်။ ဒီတော့ကျနော်က“ကျနော်သိတယ်၊ ဒါပေမဲ့ဘယ်လိုပဲဖြစ်ဖြစ်ကျနော်တော့ပြေးမှဖြစ်မယ်”(Yes, I know. But I must flee at all costs)လို့ထပ်ပြောလိုက်ပါတယ်။ သားအမိချင်းပြောတာဆိုတော့ ဒါလောက်ဆိုလုံလောက်ပါပြီ။ ပြောလို့သာ ပြောတယ် ကျနော်နဂိုကစဉ်းစားထားတဲ့ ထွက်ပြေးတဲ့နည်းလမ်းတွေက ပိတ်နေသလောက်ဖြစ်နေပါတယ်။ ကျနော်ပြင်ထားတာက ၁၉ဖဖခုနှစ်တုန်းက ကျနော့်ကိုဖမ်းသလို ညမှာ ဖမ်းလာခဲ့ရင်၊ ကျနော်ကလက်ဦးခဲ့ရင်ဆိုတာမျိုးတွေပါ။ အခုတော့ အိမ်သာထဲရောက် နေတဲ့လူဟာ ဘယ်လိုမှ လက်မဦးနိုင်ပါဘူး။

အဲဒီနောက်မှာ ကျနော့်အခန်းထဲက သိမ်းယူတဲ့စာအုပ်တွေနဲ့အတူ ကျနော့်ကိုအောက်ထပ်ကို ခေါ်သွားပါတယ်။ ခုနက ဧည့်ခန်းဆီ ပြန်ခေါ်သွားတာဖြစ်ပါတယ်။ အဆင်းမှာ ကျနော်ကအမေ့နားကပ်ပြီး ကျနော်တို့

တိုက်ရဲ့ တောင်ဘက်က တံခါးပေါက်ကို ဖွင့်ထားပေးဖို့ပြောလိုက်ပါတယ်။ ကျနော်တို့အိမ်ကဂ၄လမ်းနဲ့ ၃၃လမ်းထောင့်မှာဆိုတော့ နှစ်မျက်နှာရှိတဲ့အဆောက် အဦလိုဖြစ် နေပါတယ်။ အနောက်ဖက်မျက်နှာမှာ အဓိကတံခါးပေါက်ကြီးဖြစ်ပြီး တောင်ဖက်မျက်နှာစာမှာတော့ တံခါးပေါက်သေးသေးတခုနဲ့ ကားဂိုဒေါင်ရှိပါတယ်။ အဲဒီ အချိန်က အဲဒီတခါးပေါက်ဟာ အဝင်အထွက်မရှိသလောက်နီးပါးမို့ ဘာဂျာတံခါးကို အမြဲလိုလို ကြေးဝါ သော့ခလောက်ကြီး တလုံးနဲ့ ခတ်ထားပါတယ်။ နောက်ပြီးအဲဒီသော့ဟာအမေ့ဆီမှာပဲရှိပါတယ်။

အောက်ပြန်ရောက်တော့ သူတို့ကနဂိုနေရာတွေမှာပြန်ဝင်ထိုင်ကြပြီး ကျနော့်ကို ဧည့်ခန်းအဝင် တံခါးပေါက်မှာထိုင်စေပါတယ်။ ခုနကထောက်လှမ်းရေးကလူက ကျနော့်ဘေးမှာ ကပ်လျက်ထိုင်ပါတယ်။ အခန်းလယ်မှာတော့ ရပ်ကွက်လူကြီးတွေဟာ ကျနော့် အခန်းထဲကသိမ်းလာတဲ့ပစ္စည်းတွေ (အများအားဖြင့် စာအုပ်တွေ)ကို စာရင်းပြုနေပါတယ်။ ကျန်တဲ့လူတွေကတော့ ထိုင်ကြည့်နေ ကြပါတယ်။ စာအုပ်တွေထဲမှာ မော်စီတုန်း လက်ရွေးစင်ကျမ်းတွေပါပါတယ်။

ဒီနေရာမှာအခန်းဖွဲ့စည်းပုံကို နည်းနည်းပြောဖို့လိုပါတယ်။ ကျနော်တို့အိမ်အပေါ်ကိုတက်တဲ့လှေကားဟာ အဖေ့အလုပ်ခန်း ထဲမှာရှိပါတယ်။ အဖေ့အလုပ်ခန်းနဲ့ဧည့်ခန်းက ကပ်လျက်၊ ဆက်လျက်ပါ။ အကြားမှာနံရံတခုနဲ့ တံခါးပေါက်တခုရှိပါတယ်။ အဖေ့ အလုပ်ခန်းရဲ့တဖက်မှာက အခန်းငယ်တခုရှိပြီး နောက်ဖေးပေါက်က အဲဒီ အခန်းကနေ ထွက်ရတာဖြစ်ပါတယ်။ နောက်ပြီးအဖေ အလုပ်လုပ်တဲ့ စားပွဲပတ်လည်မှာ စာအုပ်တွေ ထည့်ထားတဲ့ လူတရပ်ကျော်မြင့် မှန်ဘီဒိုကြီးတွေရှိပါတယ်။ ဒါကြောင့်ကျနော့်နဲ့အဲဒီ ထောက်လှမ်းရေးက လူထိုင်နေတဲ့ နေရာကနေကြည့်ရင် အဖေ့အလုပ်စားပွဲ ကိုလည်းမမြင်ရ၊ တဖက်ခန်းကိုကူးတဲ့တံခါးကိုလည်း မမြင်ရပါဘူး။ အဲဒီ တဖက်ခန်းမှာ အပြင်ထွက်ဖို့ တံခါးဖွင့်ထားတယ်ဆိုတာ ကတော့ ပိုမဖြစ်နိုင်ပါဘူး။

အပေါ်ကဆင်းလာကြတော့ အမေကနောက်ကနည်းနည်းချန်လိုက်လာပါတယ်။ နောက်ပြီးမှ စာအုပ်ဘီဒိုကြီးတွေနောက်ဝင်လိုက်ပြီး ဘာဂျာတံခါးသော့ကို သွားဖွင့်လိုက်တာပါ။ အဲဒီနောက်မှာ သူက ဧည့်ခန်း ဆီလိုပြန်လာပြီး ကျနော့်ကိုခေါင်းတချက်ငြိတ်ပြလိုက်ပါတယ်။ ဖွင့်ပြီးပြီဆိုတဲ့အဓိပ္ပာယ်ပါ။ ပြီးမှသူဟာ ဧည့်ခန်းထဲက သူ့နဂို နေရာ မှာဝင်ထိုင်နေပါတယ်။

ကျနော်က ကျနော့်နှမကိုအစာအိမ်ဆေးသောက်ဖို့ ဆေးနဲ့ရေတခွက် သွားယူခိုင်းလိုက်ပါတယ်။

ဒါကိုအားလုံးကမြင်သိကြပါတယ်။ သူကအပေါ်ထပ်ကိုတက်သွားပါတယ်။ ခဏကြာလို့ကျနော့်နှမက မလာတော့ ကျနော်က"ဒီကောင်မလေး ကလည်းကြာလိုက်တာ"လို့ အားလုံးကြားအောင်ညည်းပြီး သူ့နောက်ဖို့ ဟန်ပြု လိုက်ပါတယ်။ ဘေးကထောက်လှမ်းရေးဟာ ဝေးဝေးသွားမယ် မထင်လို့ထင်ပါရဲ့ သူ့နေရာက ပဲထိုင်ကြည့် နေပါတယ်။ ကျနော်မှန်ဘီဒိုကြီးတွေနောက်ကွေ့ဝင်လိုက်တာဟာ ဘာဖြစ်နိုင်တယ်ဆိုတာ သူဘယ်လိုမှ တွက် မိဟန်မတူပါဘူး။ ကျနော်ကအဲဒီနောက်ဖေးပေါက်ကနေ တစွတ်ထဲထွက်ပြေးသွားတာက ကျနော့်ဘဝ တခု လုံး အပြောင်းလဲကြီး ပြောင်းလဲသွားတော့တာပါပဲ။

ကျနော်အရှေ့မြောက်အခြေခံဒေသကိုရောက်တော့ မန္တလေးမြေအောက်လုပ်ငန်းက လာတဲ့လူနဲ့တွေ့ ပါတယ်။ ကျနော်နဲ့ လုပ်ဖော်လုပ်ဖက်ဟောင်း၊ သူငယ်ချင်းဟောင်းပါ။ သူ့ကိုပါတီဗဟိုကနေ တချို့လုပ်ငန်းတွေမှာ လိုက်ရာမှာ ကျနော်က တဆင့်မှာခိုင်း ပါတယ်။ ဒီအခါမှာသူကလည်း မန္တလေးမှာကျန်ခဲ့၊ ဖြစ်ပျက်ခဲ့တာ တွေပြောပြရင်း ကျနော့်အတွက်အင်မတန်စိုးရိမ်ခဲ့ကြကြောင်းပြော ပြပါတယ်။ ကျနော်ကလည်း ကျနော်ဘယ်လို လွတ်ထွက် လာတယ်ဆိုတာတွေသူ့ကိုပြောပြပါတယ်။ လူရင်းတွေမို့ပါ။ အမေ့ကြောင့် လွတ်လာပုံကိုလည်း ပြောပြလိုက်ပါတယ်။ ဒါပေမဲ့ဖြစ်ချင်တော့ မန္တလေးယူဂျီတခုလုံးနီးပါး အဖမ်းခံရတော့ဒီလူလည်းပါသွားပါတယ်။ သူကအကုန်ဖော်၊ အကုန်ဖောက်ပါတယ်။ ဒါကြောင့် စစ်အစိုးရဟာ ကျနော့်အမေပါဝင်တဲ့အခန်းကို သိသွားတာဖြစ်ပါတယ်။ ဒီလိုနဲ့ အမေ့ကို စစ်အစိုးရကညှိုးစရာကိစ္စတခုတိုးသွားတာပါပဲ။

ဒီဖြစ်စဥ်တခုလုံးမှာ ကျနော်၊ ကျနော့်မိဖ၊ ကျနော့်အမနဲ့နှမ၊ လာဖမ်းတဲ့လူတွေ– ထောက်လှမ်းရေး၊ အက်စ်ဘီနဲ့ ရပ်ကွက် လူကြီးတွေ၊ တဦးစီ–တဦးစီမှာဘယ်လိုခံစားချက်တွေဖြစ်ပေါ်နေကြမယ်ဆိုတာ ပြန်စဥ်း စား လိုက်ရင် အင်မတန်မှ စိတ်ဝင်စားစရာ ကောင်းမှာပါ။ စာဖွဲ့ရင်စာတအုပ်များရမလားပဲ။ကျနော်အတိအကျ သိတာ ကတော့ ကျနော်တဦးတည်းရင်ထဲကခံစားချက်ကိုသာ ပါပဲ။ ပြောရရင် အဲဒီအချိန်က ကျနော့်ခေါင်းထဲမှာ အလုပ် သဘောစဥ်းစားနည်းက လွှမ်းမိုးနေပါတယ်။ ဆိုလိုတာ ဘယ်လို လွတ်အောင်ထွက်ရမလဲ၊ ဘယ်သူ့ဆီက ဘာသတင်းပေါက်သလဲ၊ သူတို့ဘာတွေသိထားသလဲ စတာတွေပါပဲ။ တခြားဘာမှတွေး မနေနိုင်ပါဘူး။

ညမှာမန္တလေးမြို့ကခွာပြီဆိုတော့မှပဲ ကိုယ့်ခံစားချက်ဖက်အာရုံလှည့်မိပါတယ်။ ပထမဆုံးခေါင်းထဲမှာ ပေါ် လာတာက မာတာ ပီတုဂုဏ္ဏော အနန္တော ဆိုတာပါပဲ။